# ရခိုင်ပြည်နယ်အခြေစိုက် သတင်းဌာနနှစ်ခု၏ အွန်လိုင်းသတင်းစာမျက်နှာ အပိတ်ခံရမှုအပေါ်
# BNI Multimedia Group သတင်းထုတ်ပြန်ချက်

ရက်စွဲ - မတ်လ ၂၉ရက်၊ ၂၀၂၀ပြည့်နှစ်။

တိုင်းရင်းသားသတင်းဌာနနှစ်ခုဖြစ်သည့် ရခိုင်ပြည်နယ်အခြေစိုက် နိုရဥ္စရာသတင်းဌာနနှင့် Development Media
Group (DMG)တို့၏ အင်တာနက်စာမျက်နှာများကို မတ်လ ၂၃ရက်နှင့် ၂၄ရက်နေ့များတွင် ဆက်သွယ်ရေး အော်ပ
ရေတာနှစ်ခုဖြစ်သည့် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း(MPT) နှင့် Mytel ဖုန်းအင်တာနက်လိုင်းများမှ ဝင်ရောက်ဖတ်ရှု
၍ မရတော့သည့် အခက်အခဲကို သတင်းဖော်ပြမှုများရှိသကဲ့သို့ သက်ဆိုင်ရာ သတင်းဌာနများကလည်း အတည်ပြု
ပြောဆိုသည်။ အလားတူ ကရင်ပြည်နယ်အခြေစိုက် ကရင်သတင်းဌာန၏ Karen News အင်္ဂလိပ်ပိုင်း သတင်းစာ
မျက်နှာကိုလည်း MPT ဖုန်းအင်တာနက်ဖြင့် ကြည့်ရှု၍ မရတော့ကြောင်း မတ်လ ၂၆ရက်နေ့က တွေ့ရှိခဲ့ရသည်။

ကမ္ဘာ့ကပ်ရောဂါတစ်ခုဖြစ်သည့် ကိုရိုနာပိုင်းရပ်စ်(COVID-19) အတွက် အရေးပေါ် ကာကွယ်၊ စောင့်ကြည့်၊ ကုသမှု
များကို နိုင်ငံအသီးသီးတွင် စီမံချက်ဖြင့် အထူးသတိပြု ဆောင်ရွက်နေကြပေရာ မြန်မာနိုင်ငံ၏ တိုင်းဒေသကြီးများ
နှင့် ပြည်နယ်ဒေသများရှိ တိုင်းရင်းသားသတင်းဌာနများ၏ ပြည်သူများထံ သတင်းအချက်အလက်မှန်များကို အချိန်
မီ ရေးသား ပေးပို့ ဖော်ပြမှုများမှာ လွန်စွာ အရေးကြီးနေချိန် ဖြစ်သည်။

ယခုအချိန်သည် ပြည်တွင်းပြည်ပရှိ မည်သည့်သတင်းဌာနများကိုမဆို လွတ်လပ်၊ လုံခြုံစွာ သတင်းရယူနိုင်ရန် ဝန်းရံ
ကူညီပေးရမည့် ကာလလည်းဖြစ်သည်။ ထို့အပြင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနအနေဖြင့် သတင်းမှား
များထုတ်ဝေဖြန့်ချိမှုနှင့် လိင်ဖျော်ဖြေရေးအင်တာနက် စာမျက်နှာများကို တားမြစ်ပိတ်ပင်ရန် ညွှန်ကြားထားမှုကို
လည်း ဘီအဲန်အိုင်က နားလည်လက်ခံသည်။

သို့သော် သတင်းတု၊ သတင်းမှားများ ထုတ်လုပ်ဖြန့်ချိနေသူများကို တားမြစ်ပိတ်ပင်ရာတွင် ခိုင်မာသည့် သက်သေ
အထောက်အထားများနှင့်တကွ ကြိုတင် သတိပေးကာ အရေးယူရန်လိုအပ်သည့်အပြင် တရားဝင် မှတ်ပုံတင်ကာ
သတင်းထုတ်လုပ်နေသည့် မီဒီယာဌာနများ ပါဝင်သည်ကို ပြန်လည်စိစစ်သင့်သည်။ သို့မဟုတ်ပါက ရခိုင်ပြည်နယ်
အပါအဝင် အခြားဒေသများမှ သတင်းဌာနများအတွက် စာဖတ်ပရိသတ်များထံ သတင်းရောက်ရှိမှု ပြတ်တောက်
သွားအောင် လုပ်ဆောင်ရာကျနေသည်။

ဘီအဲန်အိုင်၏ မူဝါဒရေးရာကော်မတီ ဥက္ကဋ္ဌ နန်းဖော့ဂေက "ဒီအချိန်ဟာ သတင်းမီဒီယာတွေ ပြည်သူထံ သတင်း
မှန် ပေးပို့နိုင်ရေးဟာ အရေးကြီးဆုံးအချိန် ဖြစ်နေပါတယ်။ ဒီမိုကရေစီနိုင်ငံကို ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အရ ချီတက်
နေတဲ့ ကျမတို့နိုင်ငံမှာလည်း စစ်ရေးပဋိပက္ခ အခြေအနေတွေနဲ့ လတ်တလော ရင်ဆိုင်နေရတဲ့ Covid-19 ကမ္ဘာ့ကူး
စက်ရောဂါဆိုင်ရာ သတင်းတွေကို ကျင့်ဝတ်နဲ့အညီ သတင်းထုတ်လုပ်နေတဲ့ အထူးသဖြင့် ပြည်နယ်အခြေစိုက်မီဒီ

ယာတွေကို ပိတ်ပင်လိုက်ခြင်းဟာ လူထုပရိသတ်တွေကို သတင်းအမှောင်ချရာရောက်သလို အစိုးရက Freedom of Expression ကို ချိုးဖောက်ရာရောက်နေပါတယ်။”ဟု ပြောသည်။

ထို့အတွက်ကြောင့် အရပ်သားအစိုးရတစ်ရပ်ဖြစ်သည့် NLD အစိုးရအနေဖြင့် လက်ရှိဖြစ်ပျက်နေသော သတင်းဌာနများအပေါ် ဆက်သွယ်ရေးအော်ပရေတာများက ဝက်ဘ်ဆိုက်စာမျက်နှာများကို ပိတ်ပင်မှုနှင့် ရခိုင်၊ ချင်းပြည်နယ်များတွင် အင်တာနက်လိုင်းများ ဖြတ်တောက်ထားခြင်းကို ပြန်လည်ဖွင့်ပေးရန်နှင့် လွတ်လပ်စွာ သတင်းရယူခွင့်၊ ထုတ်ဖော်ရေးသားခွင့်အတွက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ(MPC)အနေဖြင့် ကူညီဆောင်ရွက်ပေးသွားစေလိုကြောင်း တိုက်တွန်းလိုပါသည်။

ဆက်သွယ်ရန်
နိုင်ကိုကိုဇော် - ၀၉၂၅၅၈၀၃၂၆၂
ခိုင်မြတ်ကျော် - ၀၉၂၅၀၁၄၂၅၁၈